## ဓမ္မခန္ဓာ (၅၆) အဖြစ်အပျက်ကြီး (အလ် ဝါကီအဟ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၄၆)၊ သုတ်ဒေသနာ (၉၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِذَا وَقَعَتِ الْوَاقِعَةُ**۞<br>အဖြစ်အပျက်ကြီး ဖြစ်ပျက်သောအခါ၊[၁၀၃၂] |
| ၂။ | **لَيْسَ لِوَقْعَتِهَا كَاذِبَةٌ**۞<br>အဖြစ်အပျက်ကြီးကို လိမ်ညာထားနိုင်ရန် မရှိချေ။ |
| ၃။ | **خَافِضَةٌ رَّافِعَةٌ**۞<br>နှိမ့်ချခံရသူ၊ မြှောက်စားခံရသူတို့ ရှိလတ္တံ့။ |
| ၄။ | **إِذَا رُجَّتِ الْأَرْضُ رَجًّا**۞<br>မြေကမ္ဘာသည် တုန်ခါခြင်းဖြင့် တုန်ခါသောအခါ၊ |
| ၅။ | **وَبُسَّتِ الْجِبَالُ بَسًّا**۞<br>တောင်တန်းကြီးများသည် အစိတ်စိတ် စိတ်မွကုန်လတ္တံ့။[၁၀၃၃] |
| ၆။ | **فَكَانَتْ هَبَاءً مُّنبَثًّا**۞<br>သူတို့သည် ပျံ့လွင့်သော အမှုန့်များ ကဲ့သို့ ဖြစ်ရသော်၊ |
| ၇။<br>ဇောင်း<br>ဍွန် | **وَكُنتُمْ أَزْوَاجًا ثَلَاثَةً**۞<br>သင်တို့သည် **စုဖွဲ့မှု** သုံးမျိုး ဖြစ်လတ္တံ့။[၁၀၃၄] |
| ၈။ | **فَأَصْحَابُ الْمَيْمَنَةِ مَا أَصْحَابُ الْمَيْمَنَةِ**۞<br>လက်ယာရံ ပေါင်းဖေါ်များ– လက်ယာ ပေါင်းဖေါ်တို့သည် မည်သို့ ရှိကြသနည်း။ |

**(၁၀၃၂)** وَقَعَتِ မှာ အမှန်တကယ် ခိုင်ခိုင်မာမာ အတည်ဖြစ်လာရမည့် အဖြစ်အပျက်ဟု အဓိပ္ပါယ်ကိုပေး၍၊ ကျမ်းတော်တွင် အချိန်နာရီ၊ အဖြစ်အပျက်ကြီးဟု ပြောဆိုခြင်းသည် ကမ္ဘာပျက်သုဉ်းရမည့် (ကီယာမတ်) နေ့ကို ပြောဆိုသည်ဟု အမြဲ ယူဆ၍ မရပေ၊ အတိုက်အခံတို့၏ ကျဆုံးခန်း ကျဆုံးရမည့် အချိန်ကာလကို မကြာခဏ ရည်ညွှန်းပြောဆိုပေသည်။ သုတ်တော် ၃ ပါ နှိမ့်ချခံရသူ (ရာထူးမှ ဖယ်ခံရသူ) မြှောက်စားခံရသူတို့ ရှိလတ္တံ့ ဟူသော စကားက သက်သေအဖြစ် ခိုင်လုံနေပေသည်။

**(၁၀၃၃)** တောင်တန်းကြီးများ အစိတ်စိတ် ပြိုကျရမည် ဆိုခြင်းမှာ အမာခံ ထိပ်တန်း အတိုက်အခံ ခေါင်းဆောင်ကြီးများ သြဇာအာဏာ ပြိုကျရခြင်းကို ဆိုလိုပေသည်။ (၁၃း၁၁။ ၂၀း၅) တို့တွင် ကြည့်ပါ။

**(၁၀၃၄)** **ဇောင်းဍွန်** ၏ အများကိန်း **အာ့ဇ်ဝါးဂျ်န်** ဆိုသည်မှာ လင်၊ မယား ဇနီးမောင်နှံဟု အဓိပ္ပါယ်ကို မပေးကြောင်း ဤသုတ်တော်သည် သက်သေ တစ်ရပ် ဖြစ်ပေသည်။ (၃၃း၃၇ တွင် ကြည့်ပါ၊)။

| | |
|---|---|
| ၉။ | وَأَصْحَابُ الْمَشْأَمَةِ مَا أَصْحَابُ الْمَشْأَمَةِ۞<br>လက်ဝဲရံ ပေါင်းဖေါ်များ– လက်ဝဲရံ ပေါင်းဖေါ်တို့သည် မည်သို့ ရှိကြသနည်း။ |
| ၁၀။ | وَالسَّابِقُونَ السَّابِقُونَ۞<br>လက်ဦးမှုရထားသူများ– လက်ဦးမှုရထားခြင်း အားဖြင့်– |
| ၁၁။ | أُوْلَئِكَ الْمُقَرَّبُونَ۞<br>သူတို့သည် ချည်းကပ်ခွင့်ရသူများ ဖြစ်ရမည်မှာ– |
| ၁၂။ | فِي جَنَّاتِ النَّعِيمِ۞<br>ဂုဏ်ပေးထားသော ဥယျာဉ်ဘုံများ၌ ဖြစ်၏။ |
| ၁၃။ | ثُلَّةٌ مِّنَ الْأَوَّلِينَ۞<br>ရှေးဦးဖြစ်သူတို့ အဖွဲ့လိုက်နှင့်– |
| ၁၄။ | وَقَلِيلٌ مِّنَ الْآخِرِينَ۞<br>နောက်ဖြစ်သူ အနည်းငယ်ခန့်သာ– |
| ၁၅။ | عَلَى سُرُرٍ مَّوْضُونَةٍ۞<br>ဆင်ယင်ထားသော ဇိမ်ခံခုံများပေါ်၌– |
| ၁၆။ | مُتَّكِئِينَ عَلَيْهَا مُتَقَابِلِينَ۞<br>မျက်နှာချင်းဆိုင် မှီလှဲစံစားကြရလတ္တံ့။ |
| ၁၇။<br>☆၂း၃၉<br>★၅၂း၂၄ | يَطُوفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُونَ۞<br>ကာလစည်းခြားမရှိသော☆ ကိုယ်ပွားရင်သွေးများက★ သူတို့အား လှည့်လည်ဝိုင်းရံလျက်–[၁၀၂၅] |
| ၁၈။<br>ငှဲ့ပေး<br>သည့် | بِأَكْوَابٍ وَأَبَارِيقَ وَكَأْسٍ مِّن مَّعِينٍ۞<br>**စိမ့်စမ်းများမှ** ရေတကောင်း ရေဖလား ရေခွက်များဖြင့် ဖြစ်၏။ |
| ၁၉။ | لَا يُصَدَّعُونَ عَنْهَا وَلَا يُنزِفُونَ۞<br>၎င်းတို့သည် ခေါင်းကွဲမတတ်ဖြစ်ခြင်း ပျို့အံခြင်း မရှိချေ။ |
| ၂၀။ | وَفَاكِهَةٍ مِّمَّا يَتَخَيَّرُونَ۞<br>လက်ရွေးစင် သစ်သီးဝလံများ– |
| ၂၁။ | وَلَحْمِ طَيْرٍ مِّمَّا يَشْتَهُونَ۞<br>သူတို့ အာသီသဖြစ်သော ကြက်ငှက် အသားများ ရှိ၏။ |

**(၁၀၂၅)** ဤသုတ်တော်မှ ကာလစည်းခြားမရှိသော သားရတနာများ ဆိုသည်မှာ မိမိနှင့်အတူ ကောင်းမှုဆောင်တာပြုခဲ့သော သားသမီးများ၊ တပည့်နောက်လိုက်များကို ဆိုလိုပေသည်။ သူတို့သည် ဤဘဝ၌ မိမိနှင့်အတူ ကောင်းမှုပြုခဲ့ ပါရမီဖြည့်ခဲ့၍ နောင်ဘဝတွင်လည်း အတူတကွ အကျိုး ခံစားရခြင်း ဖြစ်သောကြောင့် ကာလစည်းခြား မရှိဟု သုံးထားခြင်း ဖြစ်ပေသည်။ ကာလစည်းခြားမရှိ ဆိုသော ဝေါဟာရကို ၂း၃၉ တွင်၊ သားသမီးဆိုသည်ကို ၅၂း၂၄ တွင်၊ ဤဘဝ နောင်ဘဝတွင် မိမိနှင့်အတူ ခံစားရမည့် သားသမီးများ ဆိုသည်ကို ၅၂း၂၄ တွင်ကြည့် ပါ။

| | |
|---|---|
| ၂၂။ | وَحُورٌ عِينٌ ۝<br>အဖြူထည် မျက်လုံးများသည်၊ |
| ၂၃။ | كَأَمْثَالِ اللُّؤْلُؤِ الْمَكْنُونِ ۝<br>ကာကွယ်ထားသော ပုလဲကဲ့သို့ ဖြစ်၏။ |
| ၂၄။ | جَزَاءً بِمَا كَانُوا يَعْمَلُونَ ۝<br>သူတို့ ကျင့်ကြံလေ့ရှိခဲ့ရာအတွက် အစားပေးမှု ဖြစ်၏။ |
| ၂၅။ | لَا يَسْمَعُونَ فِيهَا لَغْوًا وَلَا تَأْثِيمًا ۝<br>ထို၌ ပွစိပွစိ၊ အပြစ်မကင်းသော စကားများကို မကြားရချေ။ |
| ၂၆။ | إِلَّا قِيلًا سَلَامًا سَلَامًا ۝<br>“ငြိမ်းချမ်းပါစေ၊ ငြိမ်းချမ်းပါစေ”ဟု ပြောစကားသာ ရှိ၏။ |
| ၂၇။ | وَأَصْحَابُ الْيَمِينِ مَا أَصْحَابُ الْيَمِينِ ۝<br>လက်ယာရံ ပေါင်းဖေါ်များ၊ လက်ယာရံ ပေါင်းဖေါ်တို့သည် မည်သို့ ရှိကြသည် ဟူမူကား– |
| ၂၈။ | فِي سِدْرٍ مَّخْضُودٍ ۝<br>အစူးမဲ့ ဇီးပင်များ– |
| ၂၉။ | وَطَلْحٍ مَّنضُودٍ ۝<br>အသီးအထပ်ထပ် ငှက်ပျောပင်များ– |
| ၃၀။ | وَظِلٍّ مَّمْدُودٍ ۝<br>တိုးရှေ့နေသော အရိပ်အဝါသများ– |
| ၃၁။ | وَمَاءٍ مَّسْكُوبٍ ۝<br>စီးထွက်နေသော ရေများ– |
| ၃၂။ | وَفَاكِهَةٍ كَثِيرَةٍ ۝<br>မြောက်များစွာသော သစ်သီးဝလံများသည်– |
| ၃၃။ | لَّا مَقْطُوعَةٍ وَلَا مَمْنُوعَةٍ ۝<br>ဖြတ်တောက်ထားခြင်းမရှိ၊ ဟန့်တားထားခြင်း မရှိချေ၊ |
| ၃၄။ | وَفُرُشٍ مَّرْفُوعَةٍ ۝<br>နားခိုရာနှင့် မြှောက်စားထားမှု ရှိ၏။ |
| ၃၅။ | إِنَّا أَنشَأْنَاهُنَّ إِنشَاءً ۝<br>ကေန်ပင် ငါအရှင်သည် သူမတို့အား ပေါက်ပွားစေခြင်းဖြင့် ပေါက်ပွားစေတော်မူပြီ။ |
| ၃၆။ | فَجَعَلْنَاهُنَّ أَبْكَارًا ۝ |

| | |
|---|---|
| | နုရွယ်သောသူမများ အဖြစ် စီစဉ်ပေးကာ– |
| ၃၇။ | عُرُبًا أَتْرَابًا۞<br>တိုင်းရင်းသား မြေလုပ်သားများသည်– |
| ၃၈။ | لِّأَصْحَابِ الْيَمِينِ۞<br>လက်ယာရံ ပေါင်းဖေါ်တို့အတွက် ဖြစ်စေ၏။[၁၀၃၆] |
| ၃၉။ | ثُلَّةٌ مِّنَ الْأَوَّلِينَ۞<br>ရှေးဦးဖြစ်သူတို့ အဖွဲ့လိုက်နှင့်– |
| ၄၀။ | وَثُلَّةٌ مِّنَ الْآخِرِينَ۞<br>နောက်ဖြစ်သူ အဖွဲ့လိုက်တို့ဖြစ်သော– |
| ၄၁။ | وَأَصْحَابُ الشِّمَالِ مَا أَصْحَابُ الشِّمَالِ۞<br>လက်ဝဲရံ ပေါင်းဖေါ်များ၊ လက်ဝဲရံ ပေါင်းဖေါ်တို့သည် မည်သို့ ရှိကြသည် ဟူမူကား– |
| ၄၂။ | فِي سَمُومٍ وَحَمِيمٍ۞<br>ရေနွေးပူ အပူထုထဲ၌– |
| ၄၃။ | وَظِلٍّ مِّن يَحْمُومٍ۞<br>ရေငွေ့ပူ လောင်းရိပ်၌– |
| ၄၄။ | لَّا بَارِدٍ وَلَا كَرِيمٍ۞<br>အေးမြခြင်း မရှိ၊ ဂုဏ်ကျက်သရေမရှိ– |
| ၄၅။ | إِنَّهُمْ كَانُوا قَبْلَ ذَٰلِكَ مُتْرَفِينَ۞<br>သူတို့သည် ဤမတိုင်မီက စည်းစိမ်ရှိသော ဘဝဖြင့် ဖြစ်ခဲ့၏။ |
| ၄၆။ | وَكَانُوا يُصِرُّونَ عَلَى الْحِنثِ الْعَظِيمِ۞<br>သူတို့သည် မဟာ သစ္စာပျက်မှုကြီးကို  ဇွတ်တိုးလုပ်လေ့ရှိ၏။ |
| ၄၇။ | وَكَانُوا يَقُولُونَ أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ۞<br>သူတို့က ပြောလေ့ရှိသည်မှာ “ကျွန်ုပ်တို့သည် သေကြေပြီးသော် မြေမှုန့်များ အရိုးများဖြစ်ရပြီ၊ နိုးထရဦးမည်လော၊ |
| ၄၈။ | أَوَ آبَاؤُنَا الْأَوَّلُونَ۞ |

**(၁၀၃၆)** အထက်ဖေါ်ပြပါ သုတ်တော်များမှ အပင်ရိပ်များ၊ သီးနှံများ၊ ရေကောင်းရေသန့်များကို ဖေါ်ပြ၍၊ သုတ်တော် ၃၅ တွင် ၎င်းတို့ကို စတည်စေခြင်းဖြင့် စတည်စေပြီ ဟု ဆိုထားသောကြောင့် ပျိုရွယ်နုနယ်သော၊ ချစ်ခင်စုံမက်ဘွယ်ကောင်းသော၊ အရွယ်တူများ ဆိုသည်မှာ အထက်တွင် ဖေါ်ပြခဲ့သည့် အေးရိပ်များ၊ သီးနှံများကိုသာ ဆိုလိုကြောင်း ထင်ရှားနေပေသည်။ ၎င်းတို့အား မူရင်း အာရ်ဗီစာတွင် **ဣတ္ထိလိင်** အဖြစ် သုံးခြင်းမှာ ၎င်းတို့၏ ဖြူစင်ခြင်း သန့်ရှင်းနူးညံ့ခြင်းကို ပေါ်လွင်စေရန်သာ ဖြစ်ပေသည်။ ထိုအရာတို့သည် နတ်ကညာများ ဖြစ်သည် အမျိုးသမီးများဖြစ်သည်ဟု မူရင်း အာရ်ဗီစာသားတွင် မပါဝင်ချေ။ ၎င်းတို့မှာ လက်ျာရံ အဖေါ်များအတွက် ဖြစ်သည်ဟု ဆိုထားခြင်းကြောင့် လက်ျာရံ အဖေါ်များ ဆိုသည်မှာ ယောကျ်ားများသာ ဖြစ်ရမည်ဟု ပြောဆို၍ လုံးဝ မရချေ။ ကောင်းမှုပြုသူ ယောကျ်ား၊ မိန်းမ၊ ကလေး အားလုံးသည် လက်ျာရံ အဖေါ်များ ဖြစ်နိုင်ပေသည်။

| | |
|---|---|
| | ရှေးဦးပထမ ဘဘိုးများလည်း ပါသလော၊"ဟု ဖြစ်၏။ |
| ၄၉။ | **قُلْ إِنَّ الْأَوَّلِينَ وَالْآخِرِينَ** ۝<br>ဟောလော့ "ကေနပင်၊ ရှေးဦးဖြစ်သူ၊ နောက်ဖြစ်သူ– |
| ၅၀။ | **لَمَجْمُوعُونَ إِلَىٰ مِيقَاتِ يَوْمٍ مَّعْلُومٍ** ۝<br>–အသိပေးပြီး ရက်ချိန်း နေ့သို့ အတူစုခံရမည်ပင်။ |
| ၅၁။ | **ثُمَّ إِنَّكُمْ أَيُّهَا الضَّالُّونَ الْمُكَذِّبُونَ** ۝<br>ထို့နောက် သင်တို့၊ အို–လမ်းလွဲသူ၊ ငြင်းဆန်ခဲ့သူတို့– |
| ၅၂။ | **لَآكِلُونَ مِن شَجَرٍ مِّن زَقُّومٍ** ۝<br>ပဒိုင်းပင်အား စားသုံးကြကုန်လော့။ |
| ၅၃။ | **فَمَالِئُونَ مِنْهَا الْبُطُونَ** ۝<br>၎င်းဖြင့် သင်တို့ ဗိုက်ပြည့် တင်းကားနေကြလော့။ |
| ၅၄။ | **فَشَارِبُونَ عَلَيْهِ مِنَ الْحَمِيمِ** ۝<br>သို့ဖြင့် ၎င်းအား ရေနွေးပူကို သောက်စေလတ္တံ့။ |
| ၅၅။ | **فَشَارِبُونَ شُرْبَ الْهِيمِ** ۝<br>အငမ်းမရ သောက်ကြလော့။[၁၀၃၇] |
| ၅၆။ | **هَٰذَا نُزُلُهُمْ يَوْمَ الدِّينِ** ۝<br>ဤသည် စီရင်မိန့်ချမည့် နေ့ကာလ၏ ခံစားစေမှုအဆင့်ဆင့်ပင် ဖြစ်၏။ |
| ၅၇။ | **نَحْنُ خَلَقْنَاكُمْ فَلَوْلَا تُصَدِّقُونَ** ۝<br>ငါအရှင်သည် သင်တို့အား ဖြစ်တည်စေ၏။ သင်တို့ ဖြောင့်ချက်မပေးလိုသလော။ |
| ၅၈။<br>မျိုးစေ့ | **أَفَرَأَيْتُم مَّا تُمْنُونَ** ۝<br>**ဓာတ်ဖြင့်တွန်းထုတ်ရသော အရာကို** သင်တို့ မြင်ကြသလော။ |
| ၅၉။ | **أَأَنتُمْ تَخْلُقُونَهُ أَمْ نَحْنُ الْخَالِقُونَ** ۝<br>၎င်းကို အသင်တို့က ဖြစ်တည်စေသလော၊ သို့တည်းမဟုတ် ငါအရှင်က ဖြစ်တည်စေသလော။ |
| ၆၀။<br>ပြိုင်ဆိုင် | **نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوقِينَ** ۝<br>ငါသည် သင်တို့၏ကြား၌ သေခြင်းကို စည်းချိန်ချထား၏၊ ငါအရှင်အား **လွန်ဆန်**နိုင်ရာ မရှိချေ။ |

**(၁၀၃၇)** ဤသုတ်တော်မှ **ရှုရ်ဘလ်ဟီးမ်** ကို ဆရာတော်အများစုက "ရေဆာနေသော ကုလားအုပ်၊"ဟု ပြန်ဆို၍၊ ဝါကျကို ကုလားအုပ်ရေသောက် သောက်ကြလော့ဟု ပြန်ဆိုကြပေသည်။ ဆရာတော် တစ်ချို့က "သဲထဲရေသွန် သကဲ့သို့ အဆုံးမသတ် ရေစိမ့်ဝင်သကဲ့သို့" ဟု ပြန်ဆို ကြပေသည်။ ဤဝါကျ၏ ဆိုလိုချက်မှာ အငမ်းမရ မဝတမ်း တစ်ကျိုက်ကျိုက်သောက်ခြင်းကို ဆိုလိုပေသည်။ မြန်မာများအနေဖြင့် နွားရေသောက် သောက်သည်ဟု ပြောဆိုလေ့ ရှိသကဲ့သို့ပင်။

| | |
|---|---|
| ၆၁။ | عَلَى أَن نُّبَدِّلَ أَمْثَالَكُمْ وَنُنشِئَكُمْ فِي مَا لَا تَعْلَمُونَ۞<br>ငါသည် သင်တို့၏ ပြယုဂ်ကို လွှဲပြောင်းစေတော်မူမည်၊ သင်တို့မသိခဲ့ခြင်းဖြင့် ပေါက်ပွားစေမည်ပင်။ |
| ၆၂။ | وَلَقَدْ عَلِمْتُمُ النَّشْأَةَ الْأُولَى فَلَوْلَا تَذكَّرُونَ۞<br>သင်တို့အား ပထမအကြိမ် ပေါက်ပွားစေခဲ့ခြင်းကို မုချ သိနေပါလျှက်၊ သင်တို့တွင် ဆင်ခြင်သတိ မရှိသလော။ |
| ၆၃။ | أَفَرَأَيْتُم مَّا تَحْرُثُونَ۞<br>သင်တို့ ထွန်ယက်မျိုးချခဲ့သည့် အရာကို သင်တို့ မြင်ကြသလော။ |
| ၆၄။ | أَأَنتُمْ تَزْرَعُونَهُ أَمْ نَحْنُ الزَّارِعُونَ۞<br>၎င်းကို သင်တို့က ပျိုးပေါက်စေသလော၊ သို့တည်းမဟုတ် ငါအရှင်က ပျိုးပေါက်စေသူဖြစ်သလော။ |
| ၆၅။ | لَوْ نَشَاء لَجَعَلْنَاهُ حُطَامًا فَظَلَلْتُمْ تَفَكَّهُونَ۞<br>စံချိန်ပြည့်မှီခဲ့လျှင် ငါသည် ၎င်းကို အမှိုက်စအဖြစ် စီစဉ်နိုင်၏၊ သို့ဖြင့် သင်တို့သည် ဆက်တိုက် သီးနှံပျက်လျှက်– |
| ၆၆။ | إِنَّا لَمُغْرَمُونَ۞<br>ကျွန်ုပ်တို့သည်ကား အကြွေးနစ်ရလေပြီ၊ |
| ၆၇။ | بَلْ نَحْنُ مَحْرُومُونَ۞<br>အမှန်မှာ ကျွန်ုပ်တို့သည် တားမြစ်ပိတ်ဆို့ခံရလေပြီ ဟု ဖြစ်ရ၏။ |
| ၆၈။ | أَفَرَأَيْتُمُ الْمَاء الَّذِي تَشْرَبُونَ۞<br>သင်တို့ သောက်သုံးသော ရေကို မြင်ကြသလော။ |
| ၆၉။ | أَأَنتُمْ أَنزَلْتُمُوهُ مِنَ الْمُزْنِ أَمْ نَحْنُ الْمُنزِلُونَ۞<br>၎င်းကို မိုးတိမ်သားမှ သင်တို့ သွန်းချပေးသလော၊ သို့မဟုတ် ငါအရှင်သည် သွန်းချပေးသော အရှင် မဟုတ်လော၊ |
| ၇၀။ | لَوْ نَشَاء جَعَلْنَاهُ أُجَاجًا فَلَوْلَا تَشْكُرُونَ۞<br>စံချိန်ပြည့်မှီခဲ့လျှင် ငါသည် ၎င်းကို ငံတူးစေရန် စီစဉ်ပစ်နိုင်၏။ သင်တို့ အဘယ်ကြောင့် ကျေးဇူးမသိထိုက်သနည်း။ |
| ၇၁။ | أَفَرَأَيْتُمُ النَّارَ الَّتِي تُورُونَ۞<br>ကွယ်နေသော မီးကို သင်တို့ မြင်ကြသလော။ |
| ၇၂။ | أَأَنتُمْ أَنشَأْتُمْ شَجَرَتَهَا أَمْ نَحْنُ الْمُنشِؤُونَ۞<br>သင်တို့သည် ၎င်းကို သစ်ပင်မှ ပေါက်ပွားစေသလော၊ သို့တည်းမဟုတ် ငါသည် ပေါက်ပွားစေသော အရှင် ဖြစ်သလော။ |
| ၇၃။ | نَحْنُ جَعَلْنَاهَا تَذْكِرَةً وَمَتَاعًا لِّلْمُقْوِينَ۞<br>ငါသည် ၎င်းကို သတိပေးရာ အဖြစ် စီစဉ်တော်မူ၍၊ အစွမ်းသတ္တိရှိသူတို့ အဘို့ ချမ်းမြေ့စရာ ဖြစ်စေ၏။[၁၀၂၈] |
| ၇၄။ | فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ۞ |

(၁၀၂၈) မီးသည် အမှောင်ကိုခွင်း အလင်းကိုဆောင် လမ်းပြသောကြောင့် သတိပေါ်ပေးသော အရာဟု ဤသုတ်တော်က သုံးပေသည်။

| | |
|---|---|
| | သို့ဖြစ်၍ ကံကြမ္မာရှင်၏ အထွဋ်အမြတ် ဂုဏ်တော်အား ဦးထိပ်ထားလော့။ |
| ၇၅။<br>☆၅၃း၁ | فَلَا أُقْسِمُ بِمَوَاقِعِ النُّجُومِ۞<br>အမှန်ပင်၊ ငါသည် ကြယ်တာရာများ စခန်းချရာကို တိုင်တည်လျှက်–☆ |
| ၇၆။ | وَإِنَّهُ لَقَسَمٌ لَّوْ تَعْلَمُونَ عَظِيمٌ۞<br>သင်တို့ သိခဲ့ကြလေလျှင်– ဤသည် မဟာတိုင်တည်မှုကြီး ဖြစ်၏၊ |
| ၇၇။ | إِنَّهُ لَقُرْآنٌ كَرِيمٌ۞<br>ဤသည် ဂုဏ်ကျက်သရေရှိသော ကုရ်အာန် ဖြစ်၍– |
| ၇၈။ | فِي كِتَابٍ مَّكْنُونٍ۞<br>ကာကွယ်ထားသော မှတ်တမ်း၌ ရှိ၏။ |
| ၇၉။ | لَّا يَمَسُّهُ إِلَّا الْمُطَهَّرُونَ۞<br>၎င်းကို သန့်စင်သူများမှအပ ထိတွေ့နိုင်သူ မရှိချေ။[၁၀၃၉] |
| ၈၀။ | تَنزِيلٌ مِّن رَّبِّ الْعَالَمِينَ۞<br>လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။ |
| ၈၁။ | أَفَبِهَذَا الْحَدِيثِ أَنتُم مُّدْهِنُونَ۞<br>သို့ပါလျှက် သင်တို့သည် ဤဆင့်ပြန်ချက်ကို လျှော့ချပေးစေလိုကြသလော။ |
| ၈၂။ | وَتَجْعَلُونَ رِزْقَكُمْ أَنَّكُمْ تُكَذِّبُونَ۞<br>၎င်းကို ငြင်းဆန်ခြင်းဖြင့် သင်တို့အတွက် စားရေရိက္ခာရရန် စီစဉ်နေကြသလော။ |
| ၈၃။ | فَلَوْلَا إِذَا بَلَغَتِ الْحُلْقُومَ۞<br>အဘယ်ကြောင့် မဟုတ်ရသနည်း။ ဆံပင်အစပ်ထိ ဆိုက်ရောက်နေသူအား–[၁၀၄၀] |
| ၈၄။ | وَأَنتُمْ حِينَئِذٍ تَنظُرُونَ۞<br>သင်တို့သည် စောင့်ကြည့်နေသော အချိန်၌– |
| ၈၅။ | وَنَحْنُ أَقْرَبُ إِلَيْهِ مِنكُمْ وَلَكِن لَّا تُبْصِرُونَ۞<br>ငါသည် သင်တို့ထက်ပို၍ ထိုသူနှင့် အနီး၌ ရှိ၏။ သို့သော် သင်တို့ မြင်နိုင်ကြသည် မဟုတ်ချေ။ |

(၁၀၃၉) ဤသုတ်တော်ပါ အဆုံးအမကို အမှီပြု၍ ဆရာတော်ကြီးများက ကျမ်းမြတ်ကုရ်အာန်ကို ကိုင်တွယ်လိုလျှင် ကိုယ်လက် ဆေးကြောခြင်းပြုပြီးမှ ကိုင်တွယ်ရမည်ဟု ဆိုဆုံးမထားပေသည်။ သင့်လျော်သော အဆုံးအမဖြစ်၍ အငြင်းပွားဘွယ် မရှိပေ။ သို့သော် ဤသုတ်တော်ပါ အဆုံးအမ၏ ပိုမိုနက်နဲမှုမှာ–ကျမ်းတော်ပါ နိယာမ ဒသနများသည် လောကစကြာဝဠာ တစ်ခုလုံးနှင့် သက်ဆိုင်နေ၍– ကျမ်းတော်ပါ နိယာမများကို ဆည်းကပ်သော အခါ ဖြူစင်သန့်ရှင်းသော နှလုံးသား– နှင့် လောကသုံးပါးအပေါ်၌ မေတ္တာထားတတ်သော အကျင့်များ မရှိမဖြစ်လိုသည်ဟု ဆုံးမခြင်းလည်း ဖြစ်ပေသည်။ ဥပမာအားဖြင့် စိတ်ကောင်းနှလုံးကောင်း မရှိသူတို့၏ လက်ဝယ်တွင် အနုမြူဗုံးကို ပိုင်ဆိုင်ပါက– အခြားသော လူသားများအပေါ်တွင် မတော်မတရား အနိုင်ကျင့် ဗိုလ်ကျစိုးမိုးမည်သာ ဖြစ်တော့သည်။ ထို့အတူပင် စိတ်ကောင်းနှလုံးကောင်း မရှိသော သူသည် ကျမ်းတော်ပါ ဒသနများကို သိရှိလာ၍ မကောင်းသော နည်းလမ်းများဖြင့် မသုံးစွဲရစေရန် ကျမ်းတော်အား ဖြူစင်သန့်ရှင်းသော သူသည်သာ ထိတွေ့ခွင့်ရှိသည်ဟု ပြဌာန်း ပညတ်ထားခြင်း ဖြစ်ပေသည်။

(၁၀၄၀) အာရဗ် အသုံးအရ "အသက်ထွက်လုဆဲ ဖြစ်နေသူအား၊"ဟု ဖြစ်ပေသည်။

| | |
|---|---|
| ၈၆။ | فَلَوْلَا إِن كُنتُمْ غَيْرَ مَدِينِينَ۞<br>အဘယ်ကြောင့် မဟုတ်သနည်း– သင်တို့သည် ဥပဒေဘောင်တွင်း၌ မရှိကြလျှင်–[၁၀၄၁] |
| ၈၇။ | تَرْجِعُونَهَا إِن كُنتُمْ صَادِقِينَ۞<br>သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ၎င်းဘက်သို့ ဦးလှည့်မည်လော။ |
| ၈၈။ | فَأَمَّا إِن كَانَ مِنَ الْمُقَرَّبِينَ۞<br>သူသည် ချည်းကပ်ခွင့်ရသူများ အနက်မှ ဖြစ်ခဲ့မူ– |
| ၈၉။ | فَرَوْحٌ وَرَيْحَانٌ وَجَنَّةُ نَعِيمٍ۞<br>ဥဇာ်သမာပတ် သင်းသည့် ဂုဏ်ရှိသော သုခဘုံ၌ ဖြစ်ရလတ္တံ့။ |
| ၉၀။ | وَأَمَّا إِن كَانَ مِنَ أَصْحَابِ الْيَمِينِ۞<br>သူသည် လက်ယာရံ ပေါင်းဖေါ်များမှ ဖြစ်ခဲ့မူ– |
| ၉၁။ | فَسَلَامٌ لَّكَ مِنْ أَصْحَابِ الْيَمِينِ۞<br>သင်သည် ငြိမ်းချမ်းပါစေဟု လက်ယာရံ ပေါင်းဖေါ်များမှ (မေတ္တာပို့လတ္တံ့)။ |
| ၉၂။ | وَأَمَّا إِن كَانَ مِنَ الْمُكَذِّبِينَ الضَّالِّينَ۞<br>အကယ်၍ သူသည် ငြင်းဆန်သူ လမ်းလွဲသူများမှ ဖြစ်ခဲ့မူ– |
| ၉၃။ | فَنُزُلٌ مِّنْ حَمِيمٍ۞<br>ရေနွေးပူမှ အဆင့်ဆင့်တက်၍– |
| ၉၄။ | وَتَصْلِيَةُ جَحِيمٍ۞<br>ငရဲမီးဖြင့် လောင်ကျွမ်းစေလတ္တံ့။ |
| ၉၅။ | إِنَّ هَذَا لَهُوَ حَقُّ الْيَقِينِ۞<br>ကေန်ပင် ဤသည် ဒိဌ အမှန်တရားပင် ဖြစ်၏။ |
| ၉၆။ | فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ۞<br>သို့ဖြစ်၍ ကြံ့ကြံ့မွာရှင်၏ အထွဋ်အမြတ် ဂုဏ်တော်အား ဦးထိပ်ထားကုန်လော့။ |

(၁၀၄၁) လူသားသည် သေခြင်း ရှင်ခြင်း နိယာမ တရားအောက်၌ မရှိလျှင် ဟု ဆိုလိုပေသည်။ အကယ်၍ ထိုသို့မရှိလျှင် ထွက်လုဆဲ အသက်ကို ပြန်၍ စုစည်း အသက်သွင်းထားကြလော့ဟု သုတ်တော် ၈၇ က ပြောဆိုထားခြင်း ဖြစ်သည်။